ဇန္နဝါရီ (၂)

## အကောင်းဆုံးလာရန်ရှိသေးသည်။

**သူ**၏ နောက်လိုက် တပည့်တော်တို့သည် သူပြုခဲ့သော အရာများထက်သာ၍ ထူးဆန်းသော အမှုအရာများကို ပြုလုပ်နိုင်ကြလိမ့်မည်ဟု သခင်ယေရှုက သူ၏ နောက်လိုက်များအား ဂတိတော်ထားရှိခဲ့သည်။ "ငါအမှန်ကန်ဆိုသည်ကား ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်။" (ယော ၁၄း၁၂) ဤအတိုင်း သူတို့ပြုခဲ့ကြသည်။ ထိုအချိန်တွင် သူပြောခဲ့သည့် တပည့်တော်များက ဧဝံဂေလိသတင်းစကားကို သူအသက်ရှင်စဉ် ခေတ္တ လုပ်ဆောင်ခဲ့သော ဧဝံဂေလိလုပ်ငန်းစဉ် ခရီးပေါက်ခဲ့သည့် အကွာအဝေးထက် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ခဲ့ကြသည်ဖြစ်ရာ သူတို့လက်ဆင့်ကမ်းခဲ့သည့် သူများကလည်း နောက်ထပ်တဆင့်ပြီးတဆင့် ပိုမိုကျယ်ပြန့်စွာ လက်ဆင့်ကမ်းခဲ့ကြပြီး ထိုအခြင်းအရာက ယခုအချိန်ထိ ရပ်ဆိုင်းခြင်းမရှိသေး။

"မိမိတို့အနေဖြင့်လည်း ထိုထက်သာ၍ကြီးသောအမှုတို့ကို အဘယ်ကြောင့်မပြုသင့်သနည်း?" ကမ္ဘာ့လူဦးရေပို၍ ကြီးမားလာသလို လိုအပ်ချက်နှင့် အခွင့်အလမ်းများကလည်း ပိုမိုကြီးမားလာခဲ့သည်။ ပုံနှိပ်စာလုံးများ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ လေကြောင်းခရီး၊ စာပို့စနစ်၊ အင်တာနက် စသဖြင့် ထိုထက်မက များပြားလှသည့် လမ်းကြောင်းအမျိုးအမျိုးတို့ဖြင့် လုပ်ဆောင်နိုင်သည့် နည်းလမ်းများက ပိုမိုကြီးမား ကျယ်ပြန့်လာခဲ့သည်။ ခေတ်အဆက်ဆက် သမိုင်းတလျှောက်ကျွန်ုပ်တို့တွင် ကြီးမားဆုံးသော အခွင့်အလမ်းများနှင့်အတူ မိမိတို့စိတ်ကြိုက်လုပ်ဆောင်နိုင်သော နည်းလမ်းများအားလုံးရှိနေခဲ့ပြီဖြစ်သည်။ မိမိတို့အနေနှင့် သခင်ယေရှုအနီးနေထိုင်အသက်ရှင် လျှင်မိမိတို့ ရင်ဆိုင်ကြုံတွေ့ကြရမည့် မည်သို့သောအတားအဆီးများကိုမဆို ကျော်လွှားနိုင်ရန်သူက မစလိမ့်မည်ဖြစ်ပြီး အောင်ပွဲများ ကိုရရှိနိုင်ရန်နှင့် လာမည့်နှစ် နောက်နှစ်ပေါင်းများစွာမက အစဉ်အမြဲဆိုသလိုသူ၏ ရည်ရွယ်ချက်မျာကို မိမိတို့ပြီးမြောက်အောင်မြင် စွာလုပ်ဆောင်နိုင်ရန် မစတော်မူလိမ့်မည်ဖြစ်သည်။

မှန်ပါသည်။ မိမိတို့အားဖြင့် သခင်ယေရှုခရစ်တော်သည် ထိုအရာများကို လုပ်ဆောင်လိမ့်မည် ဖြစ်သောကြောင့် ချီးမွမ်းထော ပနာပြုခြင်းနှင့် ဂုဏ်ယူစရာမှန်သမျှကို သူ့အားပေးရမည်သာဖြစ်သည်။ "ငြိမသက်ခြင်း၏အရှင် ဘုရားသခင်သည် မိမိနှစ်သက်တော် မူသော အမှုအရာကို ယေရှုခရစ်အားဖြင့် သင်တို့၌ပြုတော်မူ၍ သင်တို့သည်အလိုတော်သို့လိုက်မည်အကြောင်း ကောင်းသောအကျင့် အမျိုးမျိုး၌ သင်တို့ကို ပြုပြင်တော်မူပါစေသော။ "ထိုသခင်ယေရှုသည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း" (ဟေဗြဲ ၁၃း ၂၀-၂၁)